SMILE UP . . . TOP (PU 2K)

ဂုဏ်သတ္တိများ

POLYURETHANE (PU 2K) နည်းပညာကို အခြေခံထားသော အပေါ်ဆေး အမျိုးအစားဖြစ်ပါသည်။ သစ်သား မျက်နှာပြင်များကို ညီညာ ချောမွေ့ တောက်ပစေပါသည်။ ပွတ်တိုက်မှုနှင့် ထိခိုက်မှု များကို ခံနိုင်ရည်ရှိသည်။ ဆေးဆန့် အား အထူးကောင်းမွန်ပါသည်။ မျက်နှာပြင် ညီညာချောမွတ်သည်။ အပြင်မှ သက်ရောက်သော ရေ နှင့် တိုက်စား မှုများကို ခုခံနိုင်ပါသည်။ မြင့်မားသောအပူချိန်များကို ခံနိုင်ရည်ရှိပါသည်။ ခြောက်သွေ့မှု မြန်ဆန်ပါသည်။

အသုံးပြုရန်အညွှန်း

အသုံးမပြုမှီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ SMILE UP SEALER သုတ်ပြီး (၄) နာရီ အကြာတွင် Sealer သုတ်ထားသော မျက်နှာပြင်အား ကော်ပတ်စား၍ သန့်ရှင်းမှုပြုလုပ်ပြီး SMILE UP TOP PU 2K (အပေါ်ဆေး) ကို SPRAY (OR) BRUSH ဖြင့် အသုံးပြုနိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး SMILE UP TOP : HARDENER : THINNER # 200

	SMILE UP TOP		HARDENER		THINNER # 200
ဆေးဖျော်စပ်ရန်အချိုး	2	:	1	:	40~60%(မှုတ်ဆေးအဖြစ်သုံးရန်)
	2	:	1	:	10~30%(သုတ်ဆေးအဖြစ်သုံးရန်)

- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 g/m^2
- ပုံမှန်ခြောက်သွေ့ရန်ကြာချိန်မှာ (၃ မိနစ် မှ ၈ မိနစ်) အတွင်းဖြစ်သည်။ SMILE UP SEALER အသုံးပြုပြီးမှသာ SMILE UP TOP COAT (အပေါ်ဆေး) အားသုံးသင့်ပြီး ၊ အပေါ်ဆေး သုတ်ထားသောမျက်နှာပြင်အား (၁) ရက် နှင့် အထက် စောင့်ပြီးမှသာ စိတ်ကြိုက် အသုံးပြုနိုင်ပါသည် ။ (ခြောက်သွေ့ချိန်သည် ရာသီဥတု အမျိုးအစားပေါ်တွင်လည်း မူတည် ပါသည်။)
- ဆေးဖျော်စပ် ပြီးသားဆေးများကို (၃) နာရီ မှ (၄) နာရီ အတွင်းသုံးစွဲရပါမည်။

သတိပြုရန်အချက်များ

- ➢ ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နှံ့စပ်အောင် မွှေပြီးမှသာ အသုံးပြုရပါမည်။
- ➢ ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့မှုမရှိအောင် ထားရပါမည်။
- ➢ အသုံးပြုပြီးသော ဆေးပုံးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေ နှင့် အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများခမ်းခြောက်ပျက်စီးသွားနိုင်ပါသည်။

PRODUCTS AVAILABLE

G90 (Fully-Gloss), **G60** (Semi-Gloss), **G30** (Matt)